# အင်္ဂလန်ခရီး မပြီးသေးပါ (၁၄)

အရှင်ဉာဏိက



Bath ဆိုတဲ့ မြို့ကလေးကိုရောက်တော့ တကယ့်ကိုမှ ရှေးဟောင်းမြို့တော်တစ်ခုအတွင်း ဝင်ရောက်ရသလို ခံစားမိတယ်။ တွေ့တွေ့သမျှ လမ်းတွေ၊ အဆောက်အဦးတွေသာ ရှေးဆန်လွမ်းနေတာမဟုတ်။ လမ်းနဲ့တိုက်တာတွေရဲ့ ဖွဲ့စည်းတည်ရှိနေပုံကလည်း ရှေးဟောင်းရာဇဝင်ဇာတ်ကားထဲက မြင်ကွင်းတွေအတိုင်း။ အရောင်အဆင်းကပင်လျှင် ရှေးဟောင်းအသွင် ပီပီပြင်ပြင်။ ဒါက အခြားဒေသတွေမှာ မတွေ့နိုင်တဲ့ မြင်ကွင်း။ တောင်ပတ်လည်ဝိုင်းနေတဲ့မြို့မို့လည်း တောင်စွယ်တောင်စောင်း အထပ်ထပ် အစီစီ တည်ရှိနေတဲ့ ဘတ်ရဲ့မြို့ပြပုံသဏ္ဌာန်က ကျယ်ပြန့်ပြန့် နံရံတစ်ခုပေါ်မှာ စုတ်ချက်နိုင်တဲ့ ပန်းချီဆရာက သူ့အိပ်မက်ထဲက မြို့တစ်ခုရဲ့ အလှကို သဘာဝကျကျ စိတ်တိုင်းကျ ရေးခြစ်ထားသလို။ သက်တမ်းရင့်ရော်နေတဲ့ မြို့တစ်မြို့ရဲ့အလှကို ကျကျနန သင် မခံစားတတ်ဖူးဆိုလျှင်တောင် ဘတ်မြို့ကတော့ ဒီအတွက် ခြွင်းချက်ဖြစ်နိုင်မှာပါ။ ဘတ်က သက်တမ်းရင့်ပေမယ့် ရော်နေတဲ့ မြို့တစ်မြို့ မဟုတ်ဘူးလေ။ ရာဇဝင်ထဲမှာ သင့်ကိုကောင်းစွာ ထားရစ်နိုင်ဖို့ဆိုတာ၊ ဘတ်ဖြစ်မှာပါ။

ဘတ်ရဲ့ထင်ရှားတဲ့ ရေပူစမ်းကလည်း အင်္ဂလန်နိုင်ငံရဲ့ တစ်ခုတည်းသော ရေပူစမ်းချောင်းလေးပါပဲ။ ရိုမန်တွေက ဒီစမ်းလေးကို ရေချိုးဆိပ်တစ်ခုအဖြစ် အသုံးပြုခဲ့တာ။ ခုတော့ ရိုမန်ဘတ်ဆိုတဲ့အမည်နဲ့ ကမ္ဘာတစ်လွှားက ခရီးသွားများရဲ့ စိတ်ဝင်စားစရာ နေရာတစ်ခုဖြစ်နေပြီပေါ့။ သဘာဝအတိုင်း စီးဆင်းနေတဲ့ ဒီရေပူစမ်းလေးက အအေးကဲတဲ့ အင်္ဂလန်လိုနိုင်ငံလိုဒေသအတွက် စွဲမက်ဖွယ်အရာတစ်ခု ဖြစ်နိုင်တာပေါ့လေ။ ကိုယ်ငယ်ငယ်က ကြားဘူးခဲ့တာက ရေပူစမ်းက ရေချိုးလျှင်ဖြင့် ရောဂါအမျိုးမျိုးပျောက်တယ်တဲ့။ ဒီအယူအဆက ရှေးရိုမန်တွေကြားလည်း ပြန့်ပွားခဲ့သလား မဆိုနိုင်ဘူး။ ဒီနေရာလေးကို လျှို့ဝှက်ဆန်း ကြယ်တဲ့နေရာလေးအဖြစ် အသုံးပြုခဲ့ကြရဲ့တဲ့။

ဘတ်ရဲ့ ရှေးဟောင်းအနုလက်ရာများက သင့်ကို လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်က ရိုမန်ခေတ်ဆီကို ခေါ်ဆောင်သွားပါလိမ့်မယ်။ ခေတ်သစ်မြင်ကွင်းတွေကြား ကျင်လည်ကျက်စားရတာများလွန်းလို့ သင့်စိတ်တွေပင်ပန်းကာ နွမ်းနေတယ်ဆိုလျှင်ဖြင့် ဘတ်ဆိုတဲ့ဒီမြို့လေးဟာ သင့်အတွက် ပုန်းအောင်းနားခိုရာ နေရာလေးတစ်ခု ဖြစ်နိုင်မှာပါ။ မော်ဒန်ခေတ်ကနေ ခဏပြေးထွက်လိုကြတဲ့ ကမ္ဘာတစ်လွှားက ခရီးသွားတွေ ဒီမြို့လေးကို လာရောက်ခဲ့ကြတာ တစ်နှစ်မှာ ညအိပ်တည်းခိုသူက တစ်သန်းကျော်နဲ့ နေ့လည်နေ့ခင်း လာရောက်သူက သုံးသန်းကျော်ကျော် ရှိပါသတဲ့။ ပမ်းလို့လာ၊ နွမ်းလို့လာတာ မဟုတ်တဲ့ကိုယ်တောင် ဘတ်ရဲ့ ငြိမ်းချမ်းတဲ့ မြင်ကွင်းက လန်းဆန်းမှုစွမ်းအားတစ်ခု သွန်းလောင်းပေးလိုက်သလို ခံစားမိတယ်။ နေခြည်လေး ရွှန်းဖြာနေတဲ့ ဘတ်မှာ လေပြည်လေး ယွန်းလာပုံက ရွှေရည်သွန်းပြီးခါစ ပန်းပုရုပ်သွင် အလှလို။ မွမွလေး တို့ထိကြည့်ဖို့ကိုပင် ဆဆယယလေး ဖြစ်နေမိသည့်ဟန်။



ဘတ်အက်ဘေးဆိုတဲ့ ခရစ်စယန်ရှေးဟောင်းဘုရားကျောင်းကြီးက ရိုမန်ဘတ်သ်အနီးမှာ။ အက်ဘေးရဲ့ အနုပညာမြောက်မှုနဲ့ နှစ်ကြာညောင်းကာ ဟောင်းနေခြင်းကလည်း ခရီးသွားများရဲ့ လည်ပတ်ကြည့်ရှုစရာတစ်ခု ဖြစ်နေခဲ့တယ်။ ခုနစ်ရာစုနှစ်က စတင်လို့တည်ထောင်ခဲ့တဲ့ ဘတ်အက်ဘေး။ အဆင့်ဆင့် မွန်းမံမှုတွေရှိခဲ့ပေမယ့် ရှေးဟောင်းလက်ရာများက ထင်ကျန်နေဆဲ။ လက်ရှိအဆောက်အဦးက ပင်လျင် ၁၄၉၉ ခု လက်ရာတဲ့လေ။ နောက်အကျဆုံး လက်ရာသည်ပင် နှစ်ပေါင်း ၅၀၀ ကျော်နေခဲ့ပြီ။ ဘုရားကျောင်းကြီးရဲ့ အံ့မခန်း ဗိသုကာလက်ရာများက အလည်ပျော်တွေကို နှစ်သက်ပျော်ရွှင်မှုတွေ ပေးနိုင်နေဆဲ။ မျက်နှာကြက်နဲ့ မှန်ပြူတင်းများရဲ့ အလှက ဘတ်အက်ဘေးရဲ့ ထူးထူးခြားခြား အမှတ်ထားလောက်စရာတွေပါပဲ။ ခုတော့ ဒီအက်ဘေးက ဘာသာရေးအခမ်းအနားတွေပါမက လူမှုရေးအခမ်းအနားများကိုလည်း ကျင်းပရာ နေရာတစ်ခုဖြစ်လာပါသတဲ့။ ဘတ်အက်ဘေးရဲ့ ပြူတင်းတံခါးများက **Light and Bright** ဆိုတဲ့ အလင်းရောင်နဲ့ တောက်ပမှုကို အားကူလို့ပေးထားသလို ဘက်အက်ဘေးရဲ့ တေးဂီတ ယဉ်ကျေးမှုကလည်း **Sites and Sounds** ဆိုတဲ့ စကားအတိုင်း ငြိမ့်ငြောင်းတဲ့သံစဉ်နဲ့အတူ သင့်ကို ဟိုလွန်ခဲ့တဲ့ အတိတ်ဟောင်းရာစုနှစ်များဆီကို ခေါ်ဆောင်လို့သွားနိုင်မှာပါ။ ဒီတော့ ဘတ်ကိုသင်သွားမယ်ဆိုလျင်တော့ ဘုရားကျောင်းရဲ့ အချိန်ဇယားလေးကို ကြိုတင်ကာ ယူတောင်းကြည့်ဖို့တော့ လိုမပေါ့။



ရိုမန်ဘတ်သ်က ဘက်အက်ဘေးအနီးမှာ။ ရိုမန်ဘတ်မှာရှိတဲ့ ပထမဆုံးဗိမာန်ကို ကဲလ်ထ် (တစ်နည်း) ဆဲလ်ထ်လို့ခေါ်တဲ့ ကဲလ်ထ်ဘာသာစကားပြောတဲ့ ရှေးဟောင်း ဥရောပ မျိုးနွယ်စုတစ်ခုက တည်ဆောက်ခဲ့တာ။ သူတို့အစဉ်အဆက်တွေက ဘယ်သူတွေလဲဆိုတာ ပြောဖို့ခက်ပေမယ့် အိုင်ယာလန်မှာတော့ ကလ်ထ် ယဉ်ကျေးမှုတွေ အားကောင်းနေဆဲလို့ ဆိုရဲ့။ ရိုမန်ဘက်သ်မှာ ရေချိုးဖို့လား၊ စူးစမ်းဖို့လားမသိ။ တန်းစီစောင့်နေသူတွေ အပြည့်။ ကိုယ်ကတော့ ရေချိုးမည့်သူတွေထဲမှာ မပါဝင်နိုင်သလို ရိုမန်ဘတ်ယဉ်ကျေးမှုကို မြင်ဝန့်ကြည့်ဝန့်သူထဲမှလည်း မပါဝင်သမို့ ဒီခရီးကိုတော့ ဥပေက္ခာပြုထားလိုက်တယ်။ ခုလက်ရှိရိုမန်ဘတ်က ဘယ်လိုရှိတယ်ဆိုတာ မသိပေမယ့် ကိုယ်ကြားဘူးထားတဲ့ ရိုမန်ဘတ်ယဉ်ကျေးမှုကတော့ ကိုယ့်ယဉ်ကျေးမှုနဲ့ ဟိုးအဝေးကြီးမှာလေ။ တကယ်လို့ ခု ကိုယ့်ရှေ့က ရိုမန်ဘတ်ကလည်း ရိုမန်တွေရဲ့ယဉ်ကျေးမှုအတိုင်း ရှေးမူမပျက် ရှိနေသေးလျင်ဖြင့် ခက်ပဲခက်ရချည့်။ ဒီတော့ ဘတ်ကို အလည်လာကြသူများရဲ့ အဓိကခရီးစဉ်တစ်ခုကို အားနာစွာနဲ့ပဲ မျက်ကွယ်ပြုလိုက်ပါတယ်။ အားတော့နာပါရဲ့ ရိုမန်တို့ရယ်။

ဘတ်အက်ဘေးနဲ့ ရိုမန်ဘတ်ကို လေ့လာပြီးတော့ **Royal Crescent** (တော်ဝင် လကွေးငယ်) နဲ့ **Circus** (လပြည့်ဝန်း) (ကိုယ့်ရဲ့ဘာသာပြန် ခပ်ညံ့ညံ့) အဆောက်အဦးများရှိရာကို သွားကြတယ်။ ဒီနေရာတွေကလည်း ဘတ်ရဲ့ ထင်ရှားတဲ့ တော်ဝင်အထိမ်းအမှတ် ရပ်ဝန်းတွေလေ။ ရွှိုင်ရယ် ကရက်ဆင့်နဲ့ ဆားကပ်က တခြားစီ။ သို့ပေမယ့် ရွှိုင်ရယ်ကရက်ဆင့်ကိုပဲ ရွှိုင်ရယ်ဆားကပ်လို့ ပြောတတ်သူတွေလည်း ရှိရဲ့။ သိမ်းမြစ်ပေါ်က လန်ဒန်တံတားနဲ့ တာဝါတံတားကို မှားတတ်ကြသလိုမျိုး။

ဘတ်မှာရှိတဲ့ ဗိသုကာလက်ရာအများစုက ဂျော့ဂျီယန်ခေတ်ပုံစံ လက်ရာတွေများတယ်လို့ ပြောကြတယ်။ ဂျော့ဂျီယန်ခေတ်ဆိုတာက ၁၇၂၀ နဲ့ ၁၈၄၀ ကြား စိုးစံသွားခဲ့တဲ့ ပထမ၊ ဒုတိယ၊ တတိယနဲ့ စတုတ္ထမြောက် ဂျော့ဘုရင်များ ခေတ်ကို ညွှန်းဆိုပါတယ်။ ရွိုင်ရယ်ကရက်ဆင့်ကိုတော့ ဂျောဂျီယန်ခေတ်ရဲ့ ထင်ရှားတဲ့ဗိသုကာ စံလက်ရာတစ်ခု အဖြစ် ညွှန်းဆိုလေ့ရှိတယ်။ ၁၇၆၇ ခုနှစ်နဲ့ ၁၇၇၄ အတွင်းမှာ တည်ဆောက်ခဲ့တယ်တဲ့။ ခုဆိုနှစ်ပေါင်း ၂၅၀ နီးပါးရှိပြီ။ အင်္ဂလိပ်တို့ရဲ့ သမိုင်းအရဆိုလျှင် အဟောင်းကြီး မဆိုသာပေမယ့် လူ့သက်တမ်းနဲ့ နှိုင်းဆလျှင်ဖြင့် အလွန်ကြာ ညောင်းခဲ့ပြီ။ သမိုင်းထဲမှာက လူ့သက်တမ်းဆိုတာ တကယ့်ကိုမှ တိုတိုလေးသာပါလေ။

ရွိုင်ရယ်ကရက်ဆင့်ကို ကိုယ်ရောက်သွားတော့ နေသာနေတယ်။ နေရောင်ကိုမျှော်တတ်တဲ့ အင်္ဂလန်သားတွေအဖို့ ဒါက ရွှေ။ ရွိုင်ရယ်ကရက်ဆင့်ရှေ့ရှိ မြက်ခင်းပြင်ပေါ်မှာလည်း နေစာလှုံနေသူတွေနဲ့။ လှဲသူလှဲ၊ ထိုင်သူထိုင်၊ လျှောင်း သူက လျှောင်းလို့။ ဒီနေရာကို အကြောင်းသင့်ပြီး ရောက်လာတဲ့ကိုယ်ကတော့ နေရောက်အောက်မှာ တစ်ကိုယ်လုံး နီးပါး အလုံးခြုံရုံထားတဲ့ နီညိုရောင်သင်္ကန်းကြီးနဲ့ဆိုတော့ သူတို့အဖို့ အထူးအဆန်း ဖြစ်နေသပေ့ါ။ ဒီအချိန်မျိုးမှာ သူတို့တွေက သူတို့ခန္ဓာကိုယ်ပေါ်က အဝတ်ကို ပါးနိုင်သမျှပါး၊ နည်းနိုင်သမျှ နည်းအောင် ဝတ်ဆင်တတ်ကြတာလေ။ ဒီအထဲမှာ ကိုယ်ကပဲ တမူထူးခြားကာ အခြားကမ္ဘာက လူသားတစ်ဦးပမာ ဖြစ်နေတာ။ ဒီတော့ ကိုယ့်ကို အမြဲမေး



တတ်ကြတဲ့ မေးခွန်းတစ်ခုက ကိုယ့်ဆီကို ခုလဲ ရောက်လာတော့တာပေ့ါ။ 'မပူဖူးလား' တဲ့။ ကိုယ်ကတော့ သူတို့စကားကိုကြားပြီး စိတ်ထဲ ကပဲ ပြုံးမိတယ်။ ဟုတ်တယ်လေ။ အပူလိုလို့ နေပူစာလှုံနေသူတွေကပဲ ကိုယ့်ကို မပူဖူးလားလို့ မေးတတ်တာ။ နောက်ပြီးလည်း ကိုယ်လက်ခံယုံ ကြည်ထားတာက လူသားတွေကို တကယ်တမ်း ပူစေတတ်တဲ့အရာဟာ နေရောင်လည်း မဟုတ် သလို ရာသီဥတုကပေးတဲ့ အပူလည်းပဲမှ မဟုတ် တာ။ ။